


## အခန်း (၁)

"အဓိပ္ပာယ်မရှိတာ... ဖြစ်မှ မဖြစ်နိုင်တာကြီး"

ပြောပြောပြီးပြီးချင်း တစ်ဖက်မှာ ထိုင်နေသူ နှစ်ယောက်ထံလှည့်ကြည့်ရင်ဆိုင်လိုက်သော 'ဆီမီးကလေး' ရင်ထဲ 'အင့်' ခနဲ ဖြစ်သွားရလေသည် ။

စီးကရက်တစ်လိပ်လက်ကြားညှပ်ကာ ခပ်ပင့်ပင့်မျက်နှာထား မထီတထီ အပြုံးတို့ နှင့်အတူ အတွန့်ချိုးမျက်ခုံးပိုင်ရှင် 'အန်တီပဲ' ကိုတော့ တစ်သက်လုံးက စိတ်ကောင်းမရှိလှသူအဖြစ် သတ်မှတ်ထားပြီးသားမို့ ဘာပုံပဲပေါက်နေနေ စိတ်ထဲ စိတ်မှတ်ရယ်လို့ ထားမနေချင်တော့။

အဓိက ကတော့ 'ပိုးစိမ်းဖြူကလေး'ရဲ့ သွင်ပြင်ပုံစံပါပဲ။

ပိုးစိမ်းဖြူကလေးဟာ ကြားလိုက်ရတဲ့ သည် သတင်းကို ဆီမီးကလေးလို ဘာကြောင့် ခါးခါးသီးသီး မရှိခဲ့တာလဲ၊ ဘာကြောင့် ဝုန်းခနဲ ဒိုင်းခနဲ ထငြင်းမပစ်လိုက်တာလဲ။

"တစ်သက်လုံး ဘယ်တစ်ယောက်ကမှ စကားစပ်ပြီး မပြောခဲ့ကြတဲ့ ဒီသတင်းကို ခုမှ တစ်ယောက်တည်း စကားနဲ့ လက်ခံယုံကြည်လိုက်ရမှာ လား ဝေးသေးတယ်နော်"

ဆီမီးကလေးက စိတ်ကို ပြန်တင်းကာ အန်တီပဲ မျက်နှာကြီးရှေ့တည့်တည့် စိုက်ကြည့်ရင်း ထပ်ပြောလိုက်ပြန်သည် ။ သည် အချိန်ထိ ခံ

စားချက်ပဲ မဲ့နေသယောင်ယောင် ပိုးစိမ်းဖြူကလေးတို့ ကတော့ တုတ်တုတ်မျှ မလှုပ်သေး။

"ပိုးငယ်"

ဆီမီးကလေး၏ ခပ်ကျယ်ကျယ်အော်ခေါ်သံကြောင့် ပိုးစိမ်းဖြူကလေးက မျက်လွှာလေး ပင့်လှန်မော့ကြည့်သည်။

"ငြိမ်မနေနဲ့ လေ... အဓိပ္ပာယ်မဲ့ ဒီပေါက်ကရ လုပ်ဇာတ်ကို ပိုးငယ် ယုံလို့ လား၊ တစ်ခုခုတော့ ပြောဦးမှ ပေါ့"

"ငြိမ်နေတာ မဟုတ်ဘူး၊ စဉ်းစားနေတာ"

"စဉ်းစားနေတာ"

"အင်း... ဟုတ်တယ်"

"ဘာကို စဉ်းစားနေတာလဲ"

"ခုန အန်တီပဲ ပြောလိုက်တဲ့ စကားရဲ့ မှန်ကန်မှုအတိုင်းအတာကို လေ"

"ဟင်..."

ဆီမီးကလေးက 'ဟင်' ခနဲပင် ဖြစ်သွားရကာ ပိုးငယ်ထိုင်နေရာနားဆီ အပြေးပင် ကပ်သွားလိုက်သည်။ သူ ထိုင်နေရာ ကုလားထိုင်ရှေ့ ဒူးထောက်ချထိုင်ရင်း ပိုးငယ်ပခုံးနှစ်ဖက်ကို ကိုင်ကိုင်လှုပ်ပစ်လိုက်တော့ ပိုးငယ်က ဆီမီးကလေးရဲ့ လက်နှစ်ဖက်ကို ဖျတ်ခနဲ ဖျတ်ခနဲ နေအောင် ပုတ်ချ လိုက်လေသည်။

"အံ့ဩလိုက်တာ ပိုးငယ်ရယ်၊ ပိုးငယ် မကြီးလို ဘာလို့ ချက်ချင်းကြီး ထပြီး ငြင်းမပစ်လိုက်တာလဲ၊ မကြီးဆို ပြန်စဉ်းစားနေဖို့ တောင် မလို

ဘူး၊ ဒါ မဟုတ်ဘူး ဆိုတာ ချက်ချင်း သိတယ်၊ ချက်ချင်း ငြင်းပစ်လိုက်တယ်၊ ပိုးငယ်က ဘာတွေကို ပြန်စဉ်းစားနေရသေးတာလဲ၊ မကြီးတို့ ညီအစ်မနှစ်ယောက် ဒီတိုင်းနေလာကြတာ ပိုးငယ့်တစ်သက် ဆယ့်ရှစ်နှစ်ကျော် ရှိခဲ့ပြီး၊ ဒါကို ခုမှ လာပြီး ဘာမှ မတော်စပ်ပါဘူး၊ အဖေပါ အမေပါတွေဆိုပြီး ခုကျမှ သွေးလာခွဲချင်လို့ ရမလား”

ပြောရင်းက ဆီမီးကလေး ဒေါသတွေ လှိမ့်လှိမ့်ပြီး ထွက်လာရတော့သည် ။ သည် ဒေါ်ပဲပဲ ဆိုတဲ့ မိန်းမကြီးဟာ ကိုယ့်အဒေါ်မို့ဆိုပြီး အရေးအရာထား ရှိသေလာခဲ့ရတာတွေ ပြန်အမ်းလို့ ရရင်တောင် အမ်းယူပစ်လိုက်ချင်တော့သည် ။ တစ်သက်တာလုံး သူစိတ်ကောင်းမရှိခဲ့တာ ဖေဖေနဲ့ မေမေတို့ လည်း အသိ။ ဒါပေမဲ့၊ ‘ခိုကိုးရာမဲ့ နေရှာသူလေ’ ဆိုတဲ့ စိတ်ကောင်းဝင် ပေးခဲ့မှုက ခုတော့ ဆီမီးကလေးတို့ ညီအစ်မနှစ်ယောက်အကြား သွေးကွဲစေဖို့ ဖြစ်လာခဲ့ပြီ။

“ဘာမှ သက်သေပြစရာ မရှိဘဲနဲ့ ဘလိုင်းကြီး လာပြောလို့ မရဘူးနော် အန်တီပဲ၊ ဆီမီးက ဒီတိုင်းလေးငြိမ်ခံပြီး သွားမယ့်အစားထဲက မဟုတ်ဘူး ၊ တကယ်တမ်း အဲဒီလိုဇာတ်မျိုးဆို အားလုံးသိခဲ့ကြမှာ အမှန်ပဲ၊ ဖေဖေနဲ့ မေမေတို့ ကလည်း ဆီမီးကို အရိပ်အမြွက်ဖြစ်ဖြစ်တော့ ပြောခဲ့ကြ မှာ ပဲ”

“ပြောလို့ ရမလားဟဲ့… နင်တို့ နှစ်ယောက်က အမြဲပဲ တကျက်ကျက်ဟာ၊ အဲလိုပေးသိ လိုက်ရင် ပိုဆိုးမှာ ကို အစ်ကိုတို့ အစ်မတို့ က မသိဘဲ ရှိပ့ါမလား”

“အမြဲတကျက်ကျက်လို့ မပြောပါနဲ့ ၊ ညီအစ်မချင်း ဒီလောက်ကတော့ လူတိုင်းရှိမှာ ပဲ၊ တစ်သက်လုံးရန်မဖြစ်ဖူးကြတဲ့ သက်တူရွယ်တူ ညီအစ်မတွေဆိုတာ ဘယ်ရှိနိုင်မလဲ”

“အမယ်လေး…အခုမှ ထချစ်နေလိုက်တာ၊ ကဲ… ဒါဆို ပြောပါဦး၊ နင်တို့ နှစ်ယောက် ခုကော ခေါ်ကြလို့ လား တည့်နေကြလို့ လား”

ဆီမီးကလေးနှင့် ပိုးငယ်တို့ တစ်ယောက်နှင့်တစ်ယောက် အကြည့်ချင်းဆုံသွားကြသည် ။ သေချာတာတစ်ခုက သည် ဒေါ်ပဲပဲက ဆီမီးတို့ နှစ်ယောက်မသင့်မြတ်ကြသည့် အချိန်ကာလတစ်ခု ကို သေချာကြီးရွေးချယ်… ကောင်းကောင်း ကြီးအသုံးချလိုက်တာလို့ ပါပဲ။

“နင်က ဦးအောင်ကလေးရဲ့ သမီးမို့ နင့်နာမည် ဆီမီးကလေး ဖြစ်နေတာပေါ့၊ ငါ့အစ်မ ဒေါ်ပိုးဥရဲ့ သမီးကတော့ ပိုးစိမ်းဖြူပဲ”

“ပိုးစိမ်းဖြူကလေးပါ”

“ကျောင်းနာမည်… မှတ်ပုံတင်… အားလုံး ပိုးစိမ်းဖြူပဲ၊ သွေးရူးသွေးတန်းနဲ့ နောက်က ‘ကလေး’ ကို ခုမှ လာထည့်ဖို့ မစဉ်းစားချင်စမ်းပါနဲ့ ”

“ဒါက ကျောင်းအပ်ခါနီး နာမည်ကြီးက ရှည်နေလို့ ဆိုပြီး မေမေက ဖြုတ်ပစ်လိုက်တာပဲ၊ ဒါပေမဲ့ အိမ်မှာ ခေါ်ရင်တော့ တစ်သက်လုံး ပိုးငယ်ကလေးလို့ ပဲ ခေါ်ခဲ့ကြတာပဲ”

“အေးလေ… အမေကိုယ်တိုင်က ဖြုတ်ခဲ့တာပဲ၊ စဉ်းစားပေါ့၊ အားလုံး ပြန်စဉ်းစားစမ်းပါ ဒေါ်သိဒေါ်တတ်ရယ်၊ အသက်တစ်နှစ်ကွာတဲ့ ညီအစ်မနှစ်ယောက်ဆိုရင် ဘယ်သူက တစ်နှစ်တည်း အတူ ကျောင်းထားခဲ့မှာ လဲ၊ နင့်ကို အရင်ထားခဲ့ရမှာ ပေါ့၊ နင်က ပိုးငယ်ထက် တစ်တန်းပိုကြီး နေရမှာ ပေါ့”

“အိုး… ဆီမီး ငါးနှစ်ပြည့်တုန်းက မေမေတို့ မြန်မာပြည်မှာ မှ ရှိမနေကြဘဲ၊ တာဝန်နဲ့ နိုင်ငံရပ်ခြား ရောက်နေတာ၊ ဘယ်လိုလုပ်ပြီး ကျောင်းထားလို့ ရမလဲ”

"ထားချင်ရင် သံရုံးတွေ ဘာတွေကတစ်ဆင့်နည်းလမ်းတွေ အပြည့် ရှိတာ နင့်အဖေ ဉာဏ်ကြီးရှင် ဦးအောင်ကလေးက ဘာကြောင့် မသိရမှာ လဲ"

ဆီမီးကလေးက ဒေါသတွေ ထွက်လာရင်လုပ်တတ်သည့် ထုံးစံ… အံကို တင်းတင်းကြိတ် ကာ ဒေါ်ပဲပဲကို စေ့စေ့ကြီးစိုက်ကြည့်နေလိုက်သ ည်။

စိတ်တင်းထားစမ်း… ဆီမီးကလေး။ သည် လောက် စိတ်ပုပ် စိတ်ယု တ်မာရှိနေတဲ့ မိန်းမကြီးရဲ့ ရှေ့ မျက်ရည်သွားကျရင်အားလုံးကို အရှုံး ပေးလိုက်ရရာ ရောက်တော့မယ်။ ဆီမီး ကလေးဟာ တစ်သက်လုံး ဘ ယ်သူ့ကိုမှ အရှုံးမပေးခဲ့ဖူးဘူး။ ဆိုးဆိုးရွားရွားကြီး အနိုင်ယူရက်စက် တ တ်တဲ့ ကံကြမ္မာကိုတောင် အရှုံးပေးခဲ့တာမဟုတ်တော့ ဘာမဟုတ်တဲ့ လူစိတ်ပုပ်တစ်ယောက်ကို လွယ်လွယ်လေးနဲ့ အရှုံးပေးလိုက်ရာကျလို့ မဖြစ်ဘူး။

"နင်တို့ နှစ်ယောက်က အပျိုလေး အရွယ်လေးတွေပေမယ့်လည်း ငါ က ပြောရဦးမှာ ပဲ၊ အသက်ကဖြင့် တစ်ယောက်နဲ့ တစ်ယောက်တစ်နှစ် ပဲကွာတာ၊ ညီအစ်မအရင်း ဖြစ်နိုင်ပ့ါမလား၊ ပြန်စဉ်းစားဦး၊ ဘယ်အမေ တစ်ယောက်က ဒီလောက်နီးနီးကပ်ကပ်ကြီး ရှေ့ဆင့်နောက်ဆင့် မွေးနို င်မှာ တဲ့ လဲ၊ ပြီးတော့ ရှိသေးတယ်၊ နင်တို့ နှစ်ယောက်လုံး မွေးစာရင်းမ ရှိဖြစ်နေကြတာ၊ ကဲ… အဲဒါကော စဉ်းစားစရာမကောင်းဘူးလား"

"အို… ရှိနေတာပဲ၊ နှစ်ယောက်တောင် မဟုတ်ဘူး ၊ သုံးလေးယော က် ဆက်တိုက် အထက်အောက် တစ်နှစ်စီပဲကွာတာတွေပုံလို့ ၊ မွေးစား ရင်းကိစ္စကလည်း ဘာထူးဆန်းသလဲ၊ အတူတူ ပူးထားရင်း နှစ်စောင်စ လုံး ပူးပြီး ပျောက်သွားနိုင်တာပဲ၊ ဘာမှ မထူးဆန်းဘူး"

"ဒါပေမဲ့ နင်တို့ နှစ်ယောက်က သေချာတွက်ရင် အသက်ကွာတာ တစ်နှစ်တောင် မပြည့်ဘူးလေ"

ပိုးငယ်မျက်ဝန်းထဲ ဖြတ်ပြေးသွားသော ရောင်စဉ်တစ်ခုဟာ ကိုယ့်အတွက် ရင်နင့်စရာ နောက်တစ်ချက်ပဲဆိုတာ ဆီမီးကလေး သိရှိ ယုံကြည်လိုက်သည်။

"သွေးက စကားပြောတယ်ဆိုတာ တယ်မှန်တာပဲ၊ နင်နဲ့ ငါ တစ်သက်လုံးက ကြည့်မရ၊ မတည့်ခဲ့ကြတာတွေ၊ မပိုးဥက နင့်ထက် ပိုးငယ်အပေါ် ပိုပြီး အရေးစိုက် ယုယခဲ့တာတွေ... ဦးနှောက်ရှိရင် တွေးကြည့်၊ အသိသာကြီး"

ဆီမီးတောင် ထင့်ခနဲ တစ်ချက်ဖြစ်သွားရရင် ပိုးငယ်အတွက်တော့ တွေဝေစရာတွေ တစ်ပုံကြီးဖြစ်သွားလောက်ပြီဆိုတာ သေချာသည်။

"အသိသာဆုံးက မမပိုးဥက ခရစ်ယာန်ဘာသာဝင်လေ ပိုးငယ်လည်း ခရစ်ယာန်ပဲ၊ နင်ကတော့ နင့်အဖေ ဦးအောင်ကလေးလို ဗုဒ္ဓဘာသာဝင်ပေါ့"

"ဒါကတော့ မိဘနှစ်ပါး ဘာသာမတူကြရင် မွေးလာတဲ့ သားသမီးတွေကို အညီအမျှ ကိုးကွယ်ခိုင်းကြတာ ထုံးစံပဲ၊ မေမေ ခရစ်ယာန်ဘာသာ ကိုးကွယ်ခဲ့တာ မှန်တယ်၊ ဒါဆို မေမေ့ညီမဆိုတဲ့ ဒေါ်ပဲပဲက ဘာကြောင့် ခရစ်ယာန် ဘာသာဝင် မဟုတ်ရတာတဲ့ လဲ"

"အိုး... ငါတို့ က ဝမ်းကွဲပဲ"

"ဖေဖေနဲ့ မေမေတို့ မှာ အရင်းအချာ မောင်နှမရယ်လို့ မရှိ၊ ဝမ်းကွဲတွေလည်း သွေးနီးနီးထဲက မရှိခဲ့တာဆိုးတာပဲ၊ ခုလိုလေးဆယ့်နှစ်ဝမ်းကွဲလောက်က လာလိမ်နေတဲ့ အမှုကြီးကျတော့ အရင်းအချာတွေက

မဖြေရှင်းပေးနိုင်ဘူးပေါ့”

ဆီမီးစကားကြောင့် ဒေါ်ပဲပဲ ဆတ်ဆတ်ခါသွားရတာ ပိုးငယ်ဘက် စိုးရိမ်တကြီး လှည့်ကြည့်သည် ။ တစ်သက်လုံးက သူ့အန်တီပဲကို မေမေ့ ညီမအဖြစ်သာ သိထားဖူးသည့် ပိုးငယ်လေးတစ်ယောက် ခုမှ တော်စပ်ပတ်သက်ပုံကို သိရှိပုံရကာ တအံ့တသြ။

“ညည်း… ကလေးစိတ်ယိုင်အောင် ဘာမှ လျှောက်ပြောနေစရာမလိုပါဘူး၊ ဘာမှ ဆွဲဆောင် နေစရာမလိုဘူး”

“ဘာမှ မဆွဲဆောင်ဘူး၊ အမျိုးအရင်းကြီးပဲရှိသေးတဲ့ ညီအစ်မဆိုတာ မခေါ်ချင်လို့ ရတယ်၊ မတော်ချင်လို့ မရဘူး၊ လေးဆယ့်နှစ်ဝမ်းကွဲသွားရင်တော့ မခေါ်ချင်လို့ ရော မတော်ချင်လို့ ပါရတယ်၊ ဒီမှာ ဒေါ်ပဲပဲ”

“ညည်း… ငါ့ကို ဒေါ်ပဲပဲလို့ ခေါ်စရာမလိုဘူး”

“ခေါ်မယ်… ကိုယ်နဲ့ မတော်လဲရတဲ့ မိန်းမကြီး တစ်ယောက်ကို သူ့ ဂုဏ်သိက္ခာကို လေးစားစရာ မလိုတော့ရင် အဒေါ်လေး… အန်တီလေး လုပ်မနေနိုင်ဘူး”

“သြော်… ဟော… ဟော… ညည်းက လက်ခံပြီပေါ့၊ မပိုးဥနဲ့ ညည်းနဲ့ ဘာမှ မတော်တော့ ဘူးဆိုတာ လက်ခံလို့ သာငါနဲ့ ညည်းနဲ့ ဘာမှ မတော်တော့တဲ့ အတွက် အန်တီလို့ မခေါ်နိုင်တော့ တာပေါ့”

“ဟင့်အင်း… မဟုတ်ဘူး ၊ ဆီမီးဟာ မေမေ့သမီးပဲ၊ ဒါပေမဲ့ အဲဒီအဖြစ်အပျက်နဲ့ ပဲ ဒေါ်ပဲပဲနဲ့ ဘာမှ မတော်တော့တာပိုးငယ်”

သည် တစ်ခါ ဆီမီးရဲ့ အခေါ်အဝေါ်က စိတ်တိုတိုစကားတို့ နှင့် တစ်ဆက်တည်း ခပ်ဆတ်ဆတ်မို့ ပိုးစိမ်းဖြူကလည်း ခပ်ဆတ်ဆတ်ပင် လှမ်းကြည့်သည် ။ ပိုးငယ်ရဲ့ မျက်နှာထားဟာ ဘယ်ဘက်ကို သေချာကြီး

ယိမ်းရမည်မှန်း မသေချာသေးပုံနှင့် စိတ်ရှုပ်ထွေးစွာ ဇဝေဇဝါ..။

တောင်လေလာတောင်ယိမ်း… မြောက်လေလာ မြောက်ယိမ်းနှင့် ပိုးငယ်ရဲ့ စိတ်ဓာတ်ဟာ ဆီမီးလောက် မခိုင်မာမတည်တံ့တာ ဆီမီးအသိ။ သို့သော် ဂျစ်ကန်ကန်နိုင်ပြီး ခေါင်းမာတတ် တာကတော့ နှစ်ယောက်စလုံး ချွတ်စွပ်ကျလေသည် ။

တကယ်တမ်းမှာ ပိုးငယ်နှင့် ဆီမီးတို့ က အထက်အောက်အသက်မကွာလှသော ညီအမအနေ နဲ့ တကျက်ကျက် ဖြစ်ခဲ့ကြတာမှန်ပေမယ့် အဲသည့်ဒေါ်ပဲပဲနှင့်ကော ပိုးငယ်နှင့်သေချာကြီး တည့်ခဲ့ကြလို့ လား။ ခုမှ ဆီမီးကို ဘက်ကန်ထုတ်ချင်ဇောနှင့် ပိုးငယ်ကို ကိုယ့်ဘက်သား ဆွဲသွင်းလိုက်ရသော်လည်း ပိုးငယ်နှင့်ဒေါ်ပဲပဲတို့ လည်း သည် လောက်ကြီးတော့ အစေးကပ်လှတာ မဟုတ်ပါ။

အဲဒါကြောင့်ပဲ ပိုးငယ်က တွေဝေလေတာ....

ဆီမီးကလည်း အဲသည် လိုတွေဝေတာကိုပဲ ရင်နာရတာဖြစ်လေသည် ။ ဆီမီးလို ညီအစ်မချင်း ဘက်ပင်းလက်တွဲ မဖြုတ်လိုစိတ် ပိုးငယ်မှ သေချာကြီးရှိမနေတာ အံ့ဩလောက်စရာ။

“ပိုးငယ်...စဉ်းစားနေဦးမှာ လား”

“ပြန်စဉ်းစားရဦးမယ်၊ ပိုးငယ်မသိတာတွေ မကြီးသိနေတယ်ဆိုတာတွေကအစ အံ့ဩစရာပဲ၊ အန်တီပဲနဲ့ မေမေနဲ့ သွေးအရမ်းဝေးတယ်ဆိုတာ ပိုးငယ်မသိရဘဲ မကြီးပဲ ကွက်သိနေတာ ဘယ်လောက်ဆန်းသလဲ၊ မကြီးကို ဖေဖေက ကျိတ်ပြောသွားတာလား မေမေကတော့ ပြောပြသွားမှာ မဟုတ်ဘူး ”

"ကျွတ်..."

စိတ်ပျက် လက်ပျက် စုတ်သပ်လိုက်မိပေမယ့် 'မကြီး' 'ဖေဖေ' စတဲ့ အခေါ်အဝေါ် လေးတွေကတော့ ကျေနပ်လောက်စရာ။ ခါတိုင်းရန်ဖြစ်ကြပြီဆို မပိုးငယ်ကလေးတို့ က အစ်မလုပ်သူ ကို ဆီမီးရယ်လို့ တောင် ရက်ရက်စက်စက် အရိုအသေတန်ခဲ့ဖူးသေးတာ။

အဲဒါဘာကြောင့်များ လဲ။

ကဲပါ...ပေါက်ကရတွေလျှောက်တွေးမယ့်အစား လုပ်သင့်တာကိုဆက်လုပ်ဖို့ က အဓိက။

"ထိုင်စဉ်းစားနေရင် အလုပ်မဖြစ်ဘူးပိုးငယ်၊ ဒေါ်ပဲပဲကိစ္စ ပိုးငယ်မသိခဲ့တာ ဘာမှ မဆန်း ဘူး၊ ပိုးငယ်က အိမ်ကိစ္စ ဆွေရေးမျိုးရေးကိစ္စတွေ မကြီးလောက် စိတ်ဝင်စားမှုရှိခဲ့လို့ လား အလုပ်ဒီလောက်ရှုပ်တဲ့ ဖေဖေက ယောကျ်ားကြီးတန်မဲ့ ဒီကိစ္စလောက်အထိ ဝင်ပါနေပဲ့မလား၊ မကြီးကို မေမေပဲ ပြောပြသွားခဲ့တာ၊ ပိုးငယ်ကိုတော့ ကလေးလို သဘောထားပြီး ထူးပြောပြမနေ တော့တာလည်း ဖြစ်နိုင်တယ်၊ဒီတော့ ဒီကိစ္စကြီးဟာ တမင်သက်သက် လိမ်လည်တာပါဆိုတာကို ခပ်မြန်မြန် ဖော်ထုတ်ရမယ်၊ အနီးစပ်ဆုံး ဆွေမျိုးရယ်လို့ ဆွဲပြစရာမရှိပေမယ့် မကြီးတို့ မှာ ရှေ့နေကြီးရှိတယ်၊ ပြီးတော့ မေမေ့မောင်နှမဝမ်းကွဲ ဦးသက်ရှိတယ်၊ အဆက်အသွယ်ပြတ် တောက်နေပေမယ့် ဆွေမျိုးအရင်းကြီး ခေါက်ခေါက်ရှိသေးတဲ့ ဖေဖေ့အစ်ကို ဦးအောင်ကြီးဆိုတာ ရှိတယ်၊ သိပ်ကြီးမရင်းနှီးပေမယ့် ပြောပြအကူအညီတောင်းရင်ရနိုင်တဲ့ ဆရာဝန်ကြီးတို့ လင်မယားရှိတယ်၊ မကြီးတော့မနေဘူး၊ အားလုံးကို ရေဆုံးရေဖျားထိလိုက်မှာ ပဲ ၊ အဲဒါ ပိုးငယ်ကို ညီအစ်မ မတော်ဘူးလားလို့ သံသယရှိလို့ မဟုတ်ဘူး ၊ ဒီမိန်းမကြီးရဲ့ လိမ်လည်မှုကို ဖော်ထုတ်ဖို့ ...

“လိမ်လည်တယ်ဆိုကတည်းက အကြောင်းရှိလို့ အဲဒါရာဇဝတ်မှုမြောက်တယ်၊ ပေါ် လာပြီ ဆိုရင်တော့ ဥပဒေရှိတဲ့ အတိုင်း ဆက်လုပ်ရုံပဲ၊ အဲဒါဒေါ်ပဲပဲလည်း သေသေချာချာမှတ်ထားပါ”

ပြောပြီးပြီးချင်းပင် ချာခနဲနေအောင် လှည့်ထွက်လာခဲ့လိုက်တော့သည် ။ဒေါ်ပဲပဲတစ်ယောက် မျက်လုံး နည်းနည်းပြူးသွားကာ ပိုးငယ်အနားပိုမိုတိုးကပ် ထိုင်လိုက်တာကို မျက်ဝန်းထောင့်စွန်းက မြင်ဖြစ်အောင် မြင်လေသည် ။

ဆီမီးမှာ က ကိစ္စဝိစ္စတွေ ရှုပ်ထွေးမြားမြောင်လှသည့်အတွက် ဒေါ်ပဲပဲလိုတော့ ပိုးငယ်ကလေး အနား လုံးလုံးကပ်ကပ် လုပ်မနေနိုင်မှာ သေချာသည် ။

ဒါပေမဲ့လေ ဘယ်လောက်ကြီးပဲ နားယောင်အောင် သွေးကွဲအောင် ဆောင်ကျဉ်းနိုင်သည် ထား…အဖြစ်မှန် ဆိုတာကတော့ လောကကြီးမှာ ဘယ်တော့မှ မတိမ်ကော မပပျောက်သွားနိုင်တာ ဆီမီးကလေးကတော့ သေချာစွာပင် ယုံကြည်သည် ။

*